မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. _ Volume 17/Issue 11/ November / 2024




*Give thanks with a grateful heart*
*Give thanks to the Holy One*
*Give thanks because He's given Jesus Christ, His Son*

*And now let the weak say, "I am strong"*
*Let the poor say, "I am rich*
*Because of what the Lord has done for us"*
*Give thanks.*




## 2024 November, Sunday Worship Programs




***November 3, 2024 … Holy Communion Sunday***
***(Guest Speaker: Rev. Dr.Jum Maw San Aung)***

***November 10, 2024 … Regular Worship Service***

***November 17, 2024 … Honoring Rev. Henry Ang's***
***65th Anniversary of MinistryWorship Service***

***November 24, 2024 … Christian Home &Family Sunday***
***Guest Speaker: Sayama Makhun Laphai***

***November 28, 2024 … Thanksgiving Day Worship Service***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# A Thankful Heart



## Psalm 138

1 I will give You thanks with all my heart;
I will sing Your praise before the heavenly beings.

2 I will bow down toward Your holy temple
and give thanks to Your name
for Your constant love and truth.
You have exalted Your name
and Your promise above everything else.

3 On the day I called, You answered me;
You increased strength within me.

4 All the kings on earth will give You thanks, LORD,
when they hear what You have promised.

5 They will sing of the LORD's ways,
for the LORD's glory is great.

6 Though the LORD is exalted,
He takes note of the humble;
but He knows the haughty from a distance.

7 If I walk into the thick of danger,
You will preserve my life
from the anger of my enemies.
You will extend Your hand;
Your right hand will save me.

8 The LORD will fulfill His purpose for me.
LORD, Your love is eternal;
do not abandon the work of Your hands.

# ကျေးဇူးတင်သော နှလုံးသား



## ဆာလံကျမ်း ၁၃၈

၁အိုထာဝရဘုရား၊ ကိုယ်တော်ကို စိတ်နှလုံး အကြွင်းမဲ့ အကျွန်ုပ်ချီးမွမ်းပါမည်။
အခြားတစ်ပါးသော ဘုရားတို့ရှေ့မှာ ကိုယ်တော်ကို ထောမနာ သီချင်းကိုဆိုပါမည်။

၂သန့်ရှင်းသော ဗိမာန်တော်သို့ မျက်နှာပြုလျက် ပြပ်ဝပ်ကိုးကွယ်၍၊
ကရုဏာတော်နှင့် သစ္စာတော်ကြောင့် နာမတော်ကို ချီးမွမ်းပါမည်။ အကြောင်းမူကား၊
ကတိတော်ကို သိတင်းတော် ရှိသမျှထက် ချီးမြှောက်တော်မူပြီ။

၃အကျွန်ုပ်အော်ဟစ်သော နေ့တွင် နားထောင်တော်မူ၍၊ စိတ်ဝိညာဉ်ထဲသို့
ခွန်အားကို သွင်းသဖြင့်၊ အကျွန်ုပ်ကို ခိုင်မာစေတော်မူ၏။

၄အိုထာဝရဘုရား၊ လောကီရှင်ဘုရင် အပေါင်းတို့သည် နှုတ်တော်ထွက်
စကားတို့ကို ကြားရသည် ဖြစ်၍၊ ဂုဏ်တော်ကို ချီးမွမ်းကြပါလိမ့်မည်။

၅ထာ ဝရဘုရား၏ လမ်းခရီးတော်တို့၌ လိုက်၍ သီချင်းဆိုကြပါလိမ့်မည်။
အကြောင်းမူကား၊ ထာဝရဘုရားသည် ဘုန်းကြီးတော်မူ၏။

၆ထာဝရဘုရားသည် မြင့်မြတ်တော်မူသော်လည်း၊ စိမ့်နှိမ့်ချသော သူတို့ကို
ကြည့်ရှုတော်မူ၏။ စိတ်မြင့်သောသူတို့ကိုကား၊ အဝေးက သိတော်မူ၏။

၇အကျွန်ုပ်သည် ဆင်းရဲဒုက္ခများ၌ ကျင်လည်သော်လည်း၊ ကိုယ်တော်သည်
အကျွန်ုပ်ကို အသက်ရှင်စေတော်မူလိမ့်မည်။ လက်တော်ကို ဆန့်လျက်၊ ရန်သူတို့၏
အမျက်ဒေါသကို ဆီးတား၍၊ လကျ်ာလက်တော်အားဖြင့် အကျွန်ုပ်ကို ကယ်တင်တော်
မူလိမ့်မည်။

၈ထာဝရဘုရားသည် ငါ၏အမှုကို ပြီးစီးစေတော်မူမည်။
အိုထာဝရဘုရား၊ ကရုဏာသည် အစဉ်အမြဲ တည်ပါသည်ဖြစ်၍၊ ကိုယ်တော်၏
လက်နှင့် ပြုစုသော အမှုတို့ကို စွန့်ပစ်တော်မမူပါနှင့်။

# Best Bible Verses for a Happy Thanksgiving

**1 Chronicles 16:34**
Give thanks to the Lord, for he is good; his love endures forever.

**1 Timothy 4:4-5**
For everything God created is good, and nothing is to be rejected if it is received with thanksgiving, because it is consecrated by the word of God and prayer.

**2 Corinthians 9:11**
You will be enriched in every way so that you can be generous on every occasion, and through us your generosity will result in thanksgiving to God.

**Ephesians 5:20**
Always giving thanks to God the Father for everything, in the name of our Lord Jesus Christ.

**Psalm 7:17**
I will give thanks to the Lord because of his righteousness; I will sing the praises of the name of the Lord Most High.

**Hebrews 13:15**
Through Jesus, therefore, let us continually offer to God a sacrifice of praise—the fruit of lips that openly profess his name.

**Colossians 3:17**
And everything you do, whether in word or deed, do it all in the name of the Lord Jesus, giving thanks to God the Father through him.

**Psalm 9:1**
I will give thanks to you, Lord, with all my heart; I will tell of all your wonderful deeds.

**Psalm 107:1**
Give thanks to the Lord, for he is good; his love endures forever.

**Psalm 100:4**
Enter his gates with thanksgiving and his courts with praise; give thanks to him and praise his name.

# ကျေးဇူးတော်ချီးမွမ်းခြင်းအတွက် အကောင်းဆုံးကျမ်းပိုဒ်များ

**ရာဇဝင်ချုပ်ပဌမစောင်။ ၁၆း၃၄။**
ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊
ဂုဏ်ကျေးဇူးကို ချီးမွမ်းကြလော့။

**တိမောသေသြဝါဒပဌမစောင်။၄း၄–၅။**
ဘုရားသခင်ဖန်ဆင်းတော်မူသမျှသည် သုံးစရာကောင်း၏။
ကျေးဇူးတော်ကို သိသောစိတ်နှင့်ခံယူလျှင်၊ အဘယ်အရာကိုမျှ မပယ်မရှောင်ရ။
အကြောင်းမူကား၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော် အားဖြင့်၎င်း၊
ဆုတောင်းခြင်းအားဖြင့်၎င်း၊ အရာရာတို့သည် စင်ကြယ်လျက်ရှိကြ၏။

**ကောရိသုသြဝါဒစာဒုတိယစောင်။ ၉း၁၁။**
ထိုသို့ သင်တို့သည် စေတနာစိတ်နှင့် အမျိုးမျိုးသော စွန့်ကြဲပေးကမ်းခြင်းအလို၄ါ
အရာရာ၌ကြွယ်ဝခြင်း ရှိသည်ဖြစ်၍၊ ငါတို့အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို
ချီးမွမ်းစရာအကြောင်း ရှိလိမ့်မည်။

**ဖေက်သြဝါဒစာ။**
ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု
ငါတို့သခင်ယေရှုခရစ်၏ နာမတော် ကိုထောက်၍၊ ခမည်းတော် ဘုရားသခင့်ရှေ့၊
ကာလအစဉ်မပြတ် ဝန်ခံကြလော့။

**ဆာလံကျမ်း။၇း၁၇။**
ငါမူကား ထာဝရဘုရား၏ တရားသော အမှုတော်ကို ချီးမွမ်း၍
အမြင့်ဆုံးသော ထာဝရဘုရား၏ နာမတော်ကို ထောမနာ သီချင်းဆိုပါမည်။

**ဟေဗြဲသြဝါဒစာ။၁၃း၁၅။**
ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော
ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်
ကြကုန်အံ့။

**ကောလောသဲသြဝါဒစာ။**
စကားပြောသော်၎င်း၊ အမှုဆောင်ရွက်သော်၎င်း၊ သခင်ယေရှု၏ နာမတော်ကို
ထောက်၍ ခပ်သိမ်းသောအမှုတို့ကိုပြုမူလျက်၊ ကျေးဇူးတော်ကြီးလှပါ၏ဟု
ထိုသခင်ကို အမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့။

**ဆာလံကျမ်း။၇း၁၇။**

အို ထာဝရဘုရား၊
အကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။
အံ့ဘွယ်သောအမှု တော်ရှိသမျှတို့ကို ပြည့်နှံပါမည်။
ကိုယ်တော်ကို အမှီပြု၍ ဝမ်းသာရွှင်လန်းပါမည်။
နာမတော်ကို ထောမနာ သီချင်းဆိုပါမည်၊ အမြင့်ဆုံးသောဘုရား။

**ဆာလံကျမ်း။၁၀၅း၁။**

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊
ကရုဏာတော်အစဉ်အမြဲ တည်သောကြောင့်၊
ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်း ကြလော့။

**ဆာလံကျမ်း။၁၀၀း၄။**

ကျေးဇူးတော်ကို ကြီးမားပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုဝင်း၊
ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်းတော်တို့ကိုဝင်း ဝင်ကြလော့။
ကျေးဇူးတော်ကို ချီမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။




# ခရစ်ယာန်အိမ်ထောင်

'အိမ်ထောင်'ဆိုတာ လူ (၂) ဦးဖြင့် အစပြုပါသည်။
'အိမ်ထောင်ရေး'ဆိုတာ ညှိနှိုင်းဆောင်ရွက်ရသောကိစ္စ (သို့) လုပ်ရပ် ဖြစ်သည်။
'ခရစ်ယာန်အိမ်ထောင်'သည် ဘုရားသခင်အုပ်စိုး၍၊ ခရစ်တော်ကိုဗဟိုပြုသော မိသားစု ဖြစ်၏။

မတူညီ ကွဲပြားခြားနားသော လူယောကျ်ားနှင့်လူမိန်းမ ၊ ထိုသူ(၂)ဦး တို့ကို ပေါင်းစည်းညီညွတ်စေဖို့ ကောင်းကင်ဘုံရှင်အဘ ထာဝရဘုရားသခင် အလိုတော်ရှိသည်။ အိမ်ထောင်ပြုပြီးသောအခါ ထိုသူနှစ်ဦးသည် ဘုရားသခင် ပြင်ဆင်ပေးသော အထောက်အမ ကောင်းကြီးမင်္ဂလာဖြစ်သည့်အကြောင်းကို သိမှတ်လျက် ဘုရားသခင်၏အလိုတော်နှင့်အညီ သက်ရှင်နေထိုင်ရမည်။ ရှင်မာကုခရစ်ဝင်ကျမ်း ၁၀း၉ တွင်၊ ဤသို့သမ္မာကျမ်းစကားရှိပါသည်။

လင်မယားတို့သည် နှစ်ဦး မဟုတ် တဦးတည်း ဖြစ်၏။
ဘုရားသခင်တွဲဘက်၍ ထမ်းဘိုး တင်တော်မူသောအရာကို လူမခွဲမခွါစေနှင့်။

အိမ်ထောင်ပြုခြင်းသည် ဘုရားသခင်တွဲဖက်၍ တန်ဖိုးတင်သောအရာဖြစ်သောကြောင့် ထိုသူ(၂)ဦးမှာ ဟန်ချက်ညီညီဖြင့် အိမ်ထောင်ကိုအစပြုကြရပါသည်။ တစ်ဦးနှင့်တစ်ဦး ကူညီဖေးမရမည့်ဝတ္တရားရှိနေ၍ သူ့သဘော ကိုယ့်သဘော၊ သူ့အလို ကိုယ့်အလို၊ ခွဲခြားရန်မဟုတ်တော့ပါ။ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်သော စွယ်တော်ပင်မှအရွက်ကဲ့သို့ လူနှစ်ဦးမှာ တစ်စိတ်သဘောတည်းဖြစ်သွားရသည့် ဘဝလမ်းခရီးပါ။ ခင်ပွန်းယောကျ်ား၌ အားနည်းချက်ရှိလျှင်၊ ဇနီးမယား၏တာဝန်ဖြစ်သကဲ့သို့ မိမိဇနီး၌ လိုအပ်ချက်ရှိနေပါက ခင်ပွန်း၏တာဝန်ဖြစ်သည်။ သို့သော်၊ ခရစ်ယာန်အိမ်ထောင်တွင် တာဝန်ကျေရုံနှင့်မပြီးသေးပါ။ ဘုရားသခင်တွဲဖက်ပေးသော အိမ်ထောင်၏ဝတ္တရားကို မိမိတို့အသက်ရှင်သမျှကာလပတ်လုံး မေတ္တာ၊ဂရုဏာ၊စေတနာဖြင့်ထိန်းသိမ်းစောင့်ရှောက်ရမည်။ သို့မှသာ၊ အိမ်ထောင်၏ကောင်းကြီးဖြစ်သော ရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ကြွယ်ဝပြည့်စုံခြင်း ရှိ၍၊ အိမ်ထောင်မှာမင်္ဂလာတိုးပွားမည်။

အချို့သောအိမ်ထောင်များက ဥပက္ခာပြုကာ ဘုရားသခင်၏စကားတော်ကို မထီမဲ့မြင်ပြု၍၊ ကိုယ့်အိမ်ထောင်မှာ ကိုယ့်စိတ်အလိုအတိုင်း ဦးစီးကာ၊ မိမိတို့၏အိမ်ထောင်ကို မိမိတို့ပုံစံဖြင့် မိမိတို့စိတ်ကြိုက် ဖန်တီးယူကြသည်။

ခရစ်ယာန်အိမ်ထောင်သည် လောကီဆန်သောလူ့သဘောအရ မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်အညီ အပေးအယူ၊ လိုတိုးပိုလျှော့ဖြစ်ရပါမည်။ သို့မှသာ၊ ဘုရားသခင် တင်သောတန်ဘိုးသည် သက်သက်သာ ပေါ့ပေါ့ပါးပါးနှင့် တက်ညီလက်ညီဖြစ်၍၊ မေတ္တာအိမ်ထောင်ကိုတည်ဆောက်နိုင်လိမ့်မည်။ ဘုရားသခင် တန်ဘိုးတင်ခြင်းကို မထီမဲ့မြင် မပြုကြပါနှင့်။

ခက်ခဲဆိုးယုတ်သော ဤခေတ်မှာ လူအများက မိသားစုအတွက် ရုန်းကန်နေကြရသည်။ အခက်ခဲအမျိုးမျိုး နှင့် စိတ်ဒုက္ခများကြောင့် အမြင်မကြည်မှုများ၊ အဆင်မပြေမှုများ အရှိန်အဟုန်တိုးမြင့်လာသဖြင့် မိမိတို့၏အိမ်ထောင်များတွင် စိတ်ဖိစီးမှုဒုက္ခကို ခံစားနေကြရသည်။ ထို့ကြောင့်၊ ပျော်ရွှင်တဲ့မိသားစုဘဝကို ပြန်ပြီးပိုင်ဆိုင်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား? ဆိုတဲ့မေးခွန်းတွေ၊ ညီးညူ

သံတွေ ကြားနေရသည်။ နှုတ်ကပါတ်တော်အရ အကူအညီရနိုင်မည့် နည်းလမ်းများစွာ ရှိပါသည်။ ယုံကြည်စိတ်ချရသည့် ကျမ်းစာလမ်းညွှန်ချက်များ၊ အသုံးဝင်မည့် အကြံပြုချက်များတို့ကို လိုက်နာကျင့်သုံးလျှင် သင်၏အိမ်ထောင်မှာ မိသားစုဝင်အားလုံး ပျော်ရွှင်မှုကို အမှန်ရရှိလာလိမ့်မည်။

▶ အိမ်ထောင်သာယာပျော်ရွှင်ရန် ဘုရားသခင်ကိုအားကိုးပါ ၊

ကမ္ဘာဦးအစမှာ ထာဝရအရှင် ဘုရားသခင်သည် လူကိုဖန်ဆင်းပြီး၊ လူယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အမဖြစ်ရန် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ဆောင်ခဲ့တော်မူသည်။ လူယောကျ်ားအာဒံသည် ပျော်ရွှင်ကြည်နူးလျက်၊ ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲကအသား ဖြစ်ကြောင်းကို ဝန်ခံပြောဆိုခဲ့၏။ ထိုအချိန်မှစ၍၊ လူယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည် ပြောဆို၍ ဘုရားသခင်သည် ‘အိမ်ထောင်မင်္ဂလာ’ ကို အစပြုပေးခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင်သည် အိမ်ထောင်အသီးသီးတွင်၊ ခင်ပွန်းနှင့်ဇနီး တို့ကို ပျော်ရွှင်ကြည်နူးစေချင်သည်။ တိုးပွါးများပြားစေလိုသည်။ ထို့သို့သောအကြောင်းများကို ထောက်ရှု၍၊ ‘အိမ်ထောင်အစ – ကမ္ဘာဦးက’ ဟူ၍ ဆိုရိုးစကားရှိခဲ့၏။ (ကမ္ဘာဦး၊၂း၂၂–၂၄။ မဿဲ၊၁၉း၄။)

- စိတ်နှလုံးထဲ၌ ထာဝရအရှင် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းရှိကြပါ။
- ဘုရားပေးထားသော အိမ်ထောင်ကို ကြည်ဖြူစွာလက်ခံပါ။
- မိမိတို့၏သက်ဆိုင်ရာ တာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာလုပ်ဆောင်ပါ။

▶ သင့်အိမ်ထောင်ဖက်၏ခံစားချက်ကို ဂရုစိုက်ပေးပါ ၊

မိမိအိမ်ထောင်ဖက်၏အရေးကိစ္စများကို ဂရုစိုက်ပေးဖို့လိုသည်။ မိမိ၏အိမ်ထောင်ဖက်ကို တန်ဖိုးထားပါ။ သင်ပြုမှားမိသော အပြစ်ကို ဖုံးကွယ်ထားဖို့ရန် မကြံစည်နှင့်။ မစဉ်းစားဘဲ ပြောဆိုသောစကား နှင့် မုသာစကားသည် ဓားနှင့်ထိုးသလိုပါဘဲ။ ညာဏ်ပညာရှိသူ ပြောဆိုသောစကားမှာ ဒဏ်ရာကိုပင် ပျောက်ကင်းစေကြောင်း ကျမ်းစာကဆိုထားသည်။ သင်ဖွင့်ဟပြောလိုက်သဖြင့် သင့်အိမ်ထောင်ဖက်၏ခံစားချက်ကိုသင်သိမြင်ရသောအခါ၊ ထိုသို့ပြုမိသောအမှားများ၊ ကြမ်းတမ်းသောအပြုအမူများနှင့် အပြောအဆိုများ စသည်တို့ကို သင်စွန့်လွှတ်လာပါလိမ့်မည်။

- ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ် ရှိ၍၊ အဘယ်အမှုကိုမျှ မပြုကြနှင့်။
- ကိုယ့်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။
- ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။
- သစ္စာနှုတ်ခမ်းသည် အစဉ်အမြဲတည်၏။ မုသာလျှာမူကား ခဏသာတည်၏။

▶ အိမ်ထောင်မိသားစုတွင် သား၊သမီးများ၏တန်ဖိုး ၊

အိမ်ထောင်မိသားစု ဟု ခေါ်ဆိုလျှင်၊ ဇနီးမောင်နှံ (၂) ဦး သာမက၊ သားသမီးများလည်း ပါဝင်ဆက်နွယ်နေပါသည်။ ဤဖွားမြင်သော သားသမီးတို့သည် ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာ ဖြစ်သည်။ အသက်ပျိုစဉ်၊ ဖွားမြင်သော သားသမီးတို့သည် သူရဲကောင်းလက်၌ရှိသောမြှားကဲ့သို့ဖြစ်၏။ သားသမီးများသည် အိမ်ထောင်၏ကောင်းကြီးမင်္ဂလာ ဖြစ်သည်။ သူတို့သည် ရဲရင့်ခြင်းစွမ်းရည်နှင့် တင့်တယ်ခြင်းအသရေ ရှိ၍ ရန်သူအများ တုန်လှုပ်ကြလိမ့်မည်။

▶ အိမ်ထောင်တွင် မိဘ၏တာဝန်ဝတ္တရား ၊

ခရစ်ယာန်အိမ်ထောင်သည် သားသမီးများကို ဝိညာဉ်ရေးရာပျိုးထောင်ပေးသော နေရာဖြစ်သည်။ အိမ်ထောင်မှာ သားသမီးတို့အတွက် အပြုသဘောနှင့် အကောင်းဘက်၌ ကြီးထွားရှင်သန်နိုင်မည့်ဝန်းကျင်ကို တည်ဆောက်ပေးရန် မိဘများကို သမ္မာကျမ်းစာက တိုက်တွန်းထား၏။

- အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော့။ ဖေက်၊ ၆း၄ ။
- သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင်၊ သူသည် အိုသောအခါ ထိုလမ်း၌မလွှဲ လိုက်သွားလိမ့်မည်။ သုတ္တံ၊၂၂း၆ ။

ဘုရားသခင်၏အလိုတော်နှင့်အညီ မိဘစကားကိုနားထောင်ကြသောသားသမီးတို့သည် မိဘကိုရိုသေကြ၏။ မိမိအိမ်ထောင်ကို ချစ်ခြင်းမေတ္တာဖြင့် ကျွေးမွေး၊ ပြုစု၊ ထိန်းသိမ်း၊ စောင့်ရှောက်ရပါမည်။ ထို့အပြင်၊ စိတ်ဓါတ်ရေးရာနှင့်ဝိညာဉ်ရေးရာ လိုအပ်ချက်တို့ကိုလည်း ဖြည့်စွမ်းပေးရမည်။ သို့မှသာ၊ သားသမီးများတို့သည် မိမိတို့၏ဆုကျေးဇူးများနှင့် စွမ်းရည်ရှိသည်အတိုင်း ကြီးထွား၍၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်။

- ဆုတောင်းပဌာနာ ပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ ကောလောသဲ၊၄း၂။

သားသမီးများတို့နှင့်အတူ ဆုတောင်းပါ။ ထိုအခါ၊ ဘုရားသခင်နှင့် လျှောက်လှမ်းခြင်းအသက်တာကို သူတို့သင်ယူလိမ့်မည်။ အရာရာတိုင်းမှာ ကျေးဇူးတော်ကို အစဉ်အမြဲချီးမွမ်းပါ။ အိမ်ထောင်တွင်၊ မိခင်နှင့်ဖခင်တို့သည် မိမိတို့၏ယုံကြည်ခြင်းကို ထင်ရှားပေါ်လွင်အောင် ပြသခြင်းသည် သားသမီးများတို့အတွက် စံနမူနာကောင်းနှင့် ပုံသက်သေကောင်းဖြစ်၏။

▶ အိမ်ထောင်တွင် မိသားစုစည်းလုံးညီညွတ်မှု ၊

စည်းလုံးညီညွတ်မှု၏အဓိကအချက်မှာ တဦးနှင့်တဦး အချင်းချင်း ချစ်ခင်ရင်းနှီးမှု ဖြစ်၏။ ဆိုရိုးစကားတစ်ခုမှာ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုကြင်နာသနား ရမည်။ မိမိ၏အိမ်ထောင်ကို မြှင့်တင်တည်ဆောက်ပေးနိုင်သောနည်းလမ်းမှာ အချင်းချင်းမေတ္တာဖြင့် ရင်းနှီးစွာပြောဆိုနိုင်ဖို့ အချိန်ပေးခြင်း ဖြစ်သည်။ အိမ်ထောင်ဝတ်ပြုခြင်း၊ အပြန်အလှန် စကားဆိုပြောခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့သည် မရှိမဖြစ် လိုအပ်ပြီး၊ ပေါင်းသင်းဆက်ဆံမှုကို ပိုမိုရှင်သန်အောင်တည်ဆောက်ပေးနိုင်သည်။ အပြစ်မတင်ပါနှင့်။ အကောင်းမြင်ပေးပါ။ တခါတရံမှာ မိမိပြောသောစကားများသည် တပါးသူကို ထိခိုက်နစ်နာစရာ ဖြစ်သွားတတ်၍ အထူးသတိပြုပါ။ မိဘတို့၏အုပ်ထိန်းမှုသည် အခွင့်အာဏာဖြင့် အတင်းအကျပ် မဟုတ်။ ဘုရားသခင်၏ မေတ္တာတော်၊ ကျေးဇူးတော်၊ ဂရုဏာတော်နှင့် ခွင့်လွှတ်ခြင်းကို အစဉ်ပေါ်လွင်အောင် သစ္စာရှိစွာဖြင့် ဦးဆောင်ကြရမည်။

- ညစ်ညူးသောစကားတခွန်းကိုမျှ သင်တို့နှုတ်မှ မထွက်စေနှင့်။ တည်ဆောက်စရာဘို့ ကောင်းသောစကားကိုသာ ပြောဆိုလော့။ ဖေက်၊၄း၂၉။
- လူသည် မိမိကျင့်သမျှသောအကျင့်တို့ကို နှစ်သက်တတ်၏။ ထာဝရဘုရားမူကား၊ စိတ်သဘောတို့ကို ချိန်တော်မူ၏။ သုတ္တံ၊၁၆း၂–၃။

✳ ခရစ်ယာန်အိမ်ထောင်၏ သာယာပျော်ရွှင်ခြင်း အသီးအပွင့်မင်္ဂလာများကို ခံစားရရှိကြပါစေ။ ✳

# *Christian Home and Family*



***The LORD your God ,***
***HE is God in heaven above and***
***on the earth below.***
***As for me and my house***
***we will serve the LORD.***
***Joshua 2:11, 24:15***

ဘုရားသခင် ထာဝရဘုရားသည်
အထက်ကောင်းကင်ဘုံ၌၎င်း၊ အောက်အရပ်မြေကြီး၌၎င်း၊
အစိုးရသောဘုရားသခင် ဖြစ်တော်မူ၏။
ငါနှင့်ငါ့အိမ်သား ဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။
ယောရှုမှတ်စာ။ ၂း၁၁ ၊၂၄း၁၅။

# *Thanksgiving Prayer*



*Dear Lord,*

*I thank You for the golden opportunity to meet and share with my family on this joyous day.*

*I acknowledge that we could not have been able to gather if it were not for Your grace.*

*We rejoice in Your great works in our lives this special thanksgiving. Thank You for good health and providence upon us.*

*Please have mercy on those who do not have families or cannot be with their folks for various reasons.*

*I am grateful for what You are doing and will continue to do for my family.*

*In Your name,*
*I pray,*
*Amen.*